ပုံစံ(မနသ–၁)အမှတ် ၁၁၁၈
နေ့စွဲ ၂၉.၁၀.၉၆

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်

ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ် မနသ–၀၄၄/၉၆ ၁၉၉၆ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၀ အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်။

(က) ရင်းနှီးမြှုပ်နှံသူ၏အမည် ဒေါ်တိုးနန္ဒာတင်

(ခ) အဘအမည် ဦးအောင်တင်

(ဂ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ် အေ/အါဂ်ဂီအင်–၀၀၇၄၀၆

(ဃ) နေရပ်လိပ်စာ အမှတ် ၇၇၄၊ မမဦးလမ်း၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်

(င) ဖွဲ့စည်းထားသည့် သို့မဟုတ် ဖွဲ့စည်းမည့် အဖွဲ့အစည်း အကျွာဝါဒေဗီပင်လယ်ငါးဖမ်းကုန်ထုတ်နှင့်အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်

(စ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းအမျိုးအစား ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုလုပ်ငန်း (ငါးအအေးခန်း နှင့် ရေခဲစက်ရုံလုပ်ငန်း)

(ဆ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် အရပ်ဒေသ(များ) မြေကွက်အမှတ် ၁၃၆(အေ)၊ မြေတိုင်းအမှတ် ၆(အီး)၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်း

(ဇ) မတည်ငွေရင်းပမာဏ(ကျပ်) ၇၈.၆၆ သန်း (ကျပ်ခုနှစ်ဆယ့်ရှစ်သန်းနှင့် ခြောက်သိန်းခြောက်သောင်း)

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အမိန့်ကြော်ငြာစာအမှတ်၊ ၃၆/၉၆

ရန်ကုန်မြို့၊ ၁၃၅၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်။

(၁၉၉၆ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)။

၁။ မြန်မာနိုင်ငံမှအဏ္ဏဝါဒေဝီပင်လယ်ငါး ဖမ်းကုန်ထုတ်နှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်း လီမိတက်သည် ရန်ကုန်တိုင်း၊ ဒေါပုံမြို့နယ်၊ မြေတိုင်းအမှတ် ၆(အီး)၊ မြေကွက်အမှတ် ၁၃၆(အေ) ရှိ၊ ဒေါပုံမြို့နယ်သမဝါယမအသင်း ပိုင် မြေကို ကနဦး (၃၀) နှစ်ငှားရမ်း၍ ငါးအအေးခန်းနှင့်ရေခဲစက်ရုံတည်ဆောက်ပြီး ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြချက်အား (၁၁-၁၀-၉၆) နေ့ တွင်ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၅/၉၆) ကြိမ်မြောက် အစည်းအဝေးသို့တင်ပြခဲ့ရာ ကော်မရှင်မှမူအားဖြင့်သဘောတူညီခဲ့ပြီး အစိုးရအဖွဲ့သို့ဆက်လက်တင်ပြရန်ဆုံးဖြတ်ချက်နှင့်အညီ (၂၃-၁၀-၉၆) နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ (၃၅/၉၆) ကြိမ်မြောက် အစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်ရုံးမှတင်ပြခဲ့ရာ အစည်းအဝေးမှ သဘောတူကြောင်းဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း (၅)၊ ပုဒ်မ-၁၀အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကိုကျင့်သုံးလျှက် အဏ္ဏဝါဒေဝီ ပင်လယ်ငါးဖမ်းကုန်ထုတ်နှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်း လီမိတက်အား ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုမိန့်အမှတ်၊ မနသ-၀၄၄/၉၆ ကို ထုတ်ပေးလိုက်သည်။

၂။ အဏ္ဏဝါဒေဝီပင်လယ်ငါး ဖမ်းကုန်ထုတ်နှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်း လီမိတက်သည် ဤခွင့်ပြုမိန့်အရ ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရာတွင်မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအခန်း (၇)၊ ပုဒ်မ-၁၂အရ စီးပွားရေးလုပ်ငန်း စတင်သောနှစ်အပါအဝင်တစ်ဆက်တည်း (၃) နှစ်အတွက်ဝင်ငွေခွန်ကင်းလွတ်ခွင့်နှင့်ဥပဒေပုဒ်မ-၁၃ ပါပြဋ္ဌာန်းချက်များ

နှင့်အညီ အောက်ဖော်ပြပါအခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကိုခံစားခွင့်ပြုရန်ဤအမိန့်ကြော်ငြာစာကိုထုတ်ပြန်လိုက်သည်။

(က) ဥပဒေပုဒ်မ ၁၃(က)အရ လုပ်ငန်း၏ရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်သောနိုင်ငံခြားငွေပမာဏအပေါ်မူတည်၍ ဝင်ငွေခွန် သက်သာခွင့်ခံစားနိုင်ရန်အတွက် ကနဦးရင်းနှီးမြှုပ်နှံမှုကာလ အတွင်း နိုင်ငံခြားငွေဖြင့်ရင်းနှီးမြှုပ်နှံသည့်ပမာဏကို ဖော်ပြလျက် လုပ်ငန်းအကောင်အထည်ဖော်မှုအခြေအနေအပေါ်မူတည်၍ ဤကော်မရှင်သို့ လျှောက်ထားရမည်။

(ခ) ဥပဒေပုဒ်မ ၁၃(ခ)အရ လုပ်ငန်းမှနိုင်ငံခြားငွေဖြင့်ရရှိသည့်အမြတ်ငွေအပေါ်တွင် (၅၀) ရာခိုင်နှုန်းအထိကာလအကန့်အသတ်ဖြင့်ဝင်ငွေခွန်သက်သာခွင့်ကိုခံစားနိုင်ရန်အတွက်ဝင်ငွေခွန်ကင်းလွတ်ခွင့် (၃) နှစ်ခံစားပြီးနောက် လုပ်ငန်း၏အမှန်တကယ်အကောင်အထည်ဖော်နိုင်မှုအခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့တင်ပြလျှောက်ထားရမည်။

(ဂ) ဥပဒေပုဒ်မ ၁၃(ဂ)အရ ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုလုပ်ငန်းကြောင့်သတ်မှတ်သည့်နှုန်းအထိ ပြည်တွင်း၊ ပြည်ပဝင်ငွေ တိုးတက်မှုရှိပါက သတ်မှတ်ချက်နှင့်အညီဝင်ငွေခွန်သက်သာခွင့်ခံစားနိုင်ရန် အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့်ကာလကုန်ဆုံးပြီးသည့်အခါ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဃ) ဥပဒေပုဒ်မ ၁၃(စ)အရ လုပ်ငန်းမှရရှိသည့် အမြတ်ငွေကိုသီးသန့်ရန်ပုံငွေထား၍ တစ်နှစ်အတွင်း လုပ်ငန်း၌ ပြန်လည်ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေပေါ်တွင် ဝင်ငွေခွန် ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့်ခံစားနိုင်ရန်အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့်ကာလကုန်ဆုံးပြီး၍ အမှန်တကယ်ပြန်လည်ရင်းနှီးမြှုပ်နှံမှုပြုသည့်အခါ လုပ်ငန်းအမှန်တစ်ကယ်အကောင်အထည်ဖော်နိုင်မှုအခြေအနေကို ဖော်ပြလျက် ကော်မရှင်သို့တင်ပြလျှောက်ထားရမည်။

(င) ဥပဒေပုဒ်မ ၁၃(ဆ)အရ လုပ်ငန်းသုံးမတည်ပစ္စည်းများအပေါ်တန်ဖိုးလျော့ငွေကို သတ်မှတ်သည့်နှုန်းအတိုင်း နှစ်တိုတိုနှင့်မူလတန်ဖိုးပြည့်မီသည်အထိ အမြတ်ငွေမှနှုတ်ပယ်ခွင့်နှင့် စပ်လျဉ်း၍ ယင်းတန်ဖိုးလျော့နှုန်းထားများကို ကော်မရှင်သို့တင်ပြလျှောက်ထားရမည်။

(စ) ဥပဒေပုဒ်မ ၁၃ (ဇ) အရ ကနဦး ရင်းနှီး မြှုပ်နှံမှုကာလအတွင်း ပြည်တွင်း၌ မရရှိနိုင်သည့်အမှန်တကယ်လိုအပ်၍ ပြည်ပမှတင်သွင်းသော စက်ပစ္စည်း ၊ စက်အရန်ပစ္စည်း ၊ စက်ကိရိယာအစိတ်အပိုင်း ၊ လုပ်ငန်း သုံး ပစ္စည်း များ အပေါ်အကောက်ခွန်နှင့်အခြား ပြည်တွင်း အခွန်အကောက်များ ကိုကင်း လွတ်ခွင့်ပြုသည်။

(ဆ) ဥပဒေပုဒ်မ ၁၃ (ဈ) အရ သတ်မှတ်ထား သည့် ကနဦး ရင်း နှီး မြှုပ်နှံမှုကာလကုန်ဆုံး၍ ပထမ (၃) နှစ်အတွက် ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ရန် ပြည်ပမှတင်သွင်း သည့်ကုန်ကြမ်း များ ၊ လုပ်ငန်း သုံး ပစ္စည်း များ အပေါ်တွင်အကောက်ခွန် နှင့် အခြား ပြည်တွင်း အခွန်အကောက်များ ကိုကင်း လွတ်ခွင့်ပြုသည်။

(ဇ) ဥပဒေပုဒ်မ ၁၃ (ည) အရ ထုတ်လုပ်မည့်ကုန်ပစ္စည်း များ ကို ပြည်ပသို့တင်ပို့ရောင်း ချမှုအပေါ် ကုန်သွယ်လုပ်ငန်း ခွန်ကင်း လွတ်ခွင့်ပြုသည်။

၃။ မြန်မာနိုင်ငံသား များ ရင်း နှီး မြှုပ်နှံမှုဥပဒေပုဒ်မ ၁၃ (ဇ) အရ ပြည်ပမှတင်သွင်း သည့်စက်ပစ္စည်း များ နှင့်ပတ်သက်၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(က) နိုင်ငံခြား ငွေရရှိပုံနည်း လမ်း (Source of Payments for Import) ဥပမာ-ပြည်ပတင်ပို့မှုမှဝင်ငွေ၊ ပြည်ပ ချေး ငွေ (Loan and Credits) ကုန်ပစ္စည်း ပြန်လည်ဝယ်ယူသည့်စနစ် (Buy-back System) စသည်တို့ကို ဖော်ပြရန်။

(ခ) တင်သွင်း မည့်ပစ္စည်း အမျိုး အစား ၊ အရည်အသွေး စံချိန်စံညွှန်း များ၊ ဈေး နှုန်း များ သင့်မြတ်မှုစသည်တို့နှင့်စပ်လျဉ်း၍ နိုင်ငံတကာအသိအမှတ်ပြုထား သည့်စစ်ဆေး ရေး ကိုယ်စား လှယ် (Inspection Agency) ၏စစ်ဆေး မှုဖြင့် ဆောင်ရွက်ရန်။

(ဂ) စစ်ဆေး ရေး ကိုယ်စား လှယ်၏စစ်ဆေး ပြီး ကြောင်း အထောက်အထား (Inspection Certificate) ဖြင့်တင်သွင်း မည့်ပစ္စည်း အမျိုး အစား စာရင်း (Invoice and Packing List) များ ကို နိုင်ငံခြား မတည်ငွေရင်း တန်ဖိုး သတ်မှတ်ရေး အဖွဲ့ငယ်သို့တင်ပြ၍ ထောက်ခံချက်ရယူရန်။

၄။ အဆိုပြုလုပ်ငန်းကို ဆောင်ရွက်နိုင်ရန်အတွက် မြေအငှားချထားသူ ဒေါ်ပုံမြို့နယ်သမဝါယမအသင်း နှင့်အငှားချထားခြင်းခံရသူ အဏ္ဏဝါဒေဝီပင်လယ်ငါး ဖမ်းကုန်ထုတ်နှင့်အထွေထွေလုပ်ငန်းသမဝါယမအသင်း လီမိတက်တို့ချုပ်ဆိုသည့် မြေငှား သဘောတူစာချုပ်လက်မှတ်ရေးထိုးပြီးသည့်အခါ ယင်းသဘောတူစာချုပ်မိတ္တူ (၅) စောင်ကို ကော်မရှင်သို့တင်ပြရမည်။

၅။ မြေငှားရမ်းကာလသည် မြေငှားသဘောတူစာချုပ် (မူကြမ်း) တွင် ဖော်ပြထားတင်ပြသည့်အတိုင်း စာချုပ်လက်မှတ်ရေးထိုးသည့်နေ့မှစ၍ ကနဦး (၃၀) နှစ်ဖြစ်ပြီး နောက်ထပ် မြေငှားသက်တမ်းတိုးမြှင့်လိုပါက နှစ်ဦးနှစ်ဖက် သဘောတူညီချက်နှင့်အညီ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အတည်ပြုချက် ဖြင့် သက်တမ်းတိုးမြှင့်နိုင်သည်။

၆။ မြေငှားရမ်းခြင်းနှင့်ပတ်သက်၍အငှားချထားသူနှင့်အငှားချ ထားခြင်းခံရသူနှစ်ဦးနှစ်ဖက်စလုံးတို့သည် နိုင်ငံတော်အစိုးရမှ မြေယာနှင့် ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းမည့်စည်းကမ်းသတ်မှတ်ချက်များကို တိကျစွာလိုက်နာ ဆောင်ရွက်ရမည်။

၇။ အဏ္ဏဝါဒေဝီပင်လယ်ငါးဖမ်းကုန်ထုတ်နှင့် အထွေထွေလုပ်ငန်းသမ ဝါယမအသင်းလီမိတက်သည် ဤခွင့်ပြုမိန့်အရ လုပ်ငန်းဆောင်ရွက်ရာ၌ ပတ်ဝန်း ကျင်လေထု၊ ရေထု၊ မြေထုညစ်ညမ်းမှုစသည်များ မဖြစ်ပေါ်စေရန်အတွက် လိုအပ် သည့်ပတ်ဝန်းကျင်ညစ်ညမ်းမှုထိန်းသိမ်းကာကွယ်ရေး အစီအမံများကိုစနစ်တကျထား ၍ ဆောင်ရွက်ရမည်။

၈။ အဆိုပြုလုပ်ငန်း စတင်ဆောင်ရွက်သည့်နေ့ရက်ကို ဤကော်မရှင်သို့ အမြန်ဆုံး အစီရင်ခံရမည်။

၉။ ဤခွင့်ပြုမိန့်ထုတ်ပေးသည့်နေ့မှစ၍ တစ်နှစ်အတွင်း အဆိုပြုလုပ်ငန်း စတင်ဆောင်ရွက်ခြင်း မပြုနိုင်ပါက ဤခွင့်ပြုမိန့်သည် အလိုအလျောက်ပျက်ပြယ်ပြီး ဖြစ်သည်ဟုမှတ်ယူရမည်။

အမိန့်အရ -

(ဗိုလ်မှူးချုပ်မောင်မောင်)
အတွင်းရေးမှူး
[ဝန်ကြီး၊ ဒုတိယဝန်ကြီးချုပ်ရုံး]

စာအမှတ်၊ ၇က-၁/မ-၀၅၉/၉၆(၁၁၁၈)။
ရက်စွဲ၊ ၁၉၉၆ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်။

ဖြန့်ဝေခြင်း -

၁။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌရုံး။
၂။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရုံး။
၃။ အစိုးရအဖွဲ့ရုံး။
၄။ ဒုတိယဝန်ကြီးချုပ်ရုံး။
၅။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။
၆။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန။
၇။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။
၈။ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန။
၉။ အလုပ်သမားဝန်ကြီးဌာန။
၁၀။ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။
၁၁။ သမဝါယမဝန်ကြီးဌာန။
၁၂။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဘဏ်။
၁၃။ ဥက္ကဋ္ဌ၊ နိုင်ငံခြားမတည်ငွေရင်းတန်ဖိုးသတ်မှတ်ရေးအဖွဲ့ငယ်။
(ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန)။

၁၄။ ညွှန်ကြား ရေး မှူး ချုပ်၊ အကောက်ခွန် ဦး စီး ဌာန။

၁၅။ ညွှန်ကြား ရေး မှူး ချုပ်၊ ပြည်တွင်း အခွန်များ ဦး စီး ဌာန။

၁၆။ ဦး ဆောင်ညွှန်ကြား ရေး မှူး ၊ မြန်မာ့အာမခံလုပ်ငန်း ။

၁၇။ ညွှန်ကြား ရေး မှူး ချုပ်၊ လူဝင်မှုကြီးကြပ် ရေး နှင့်ပြည်သူ့အင်အား ဦးစီး ဌာန။

၁၈။ ညွှန်ကြား ရေး မှူး ချုပ်၊ အလုပ်သမား ညွှန်ကြား မှုဦး စီး ဌာန။

၁၉။ ညွှန်ကြား ရေး မှူး ချုပ်၊ ကုန်သွယ် ရေး ညွှန်ကြား မှုဦး စီး ဌာန။

၂၀။ ညွှန်ကြား ရေး မှူး ချုပ်၊ ငါး လုပ်ငန်း ဦး စီး ဌာန။

၂၁။ ဦး ဆောင်ညွှန်ကြား ရေး မှူး ၊ သမဝါယမပို့ကုန်သွင်း ကုန်လုပ်ငန်း ။

၂၂။ ဥက္ကဋ္ဌ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များ နှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း ။

၂၃။ ညွှန်ကြား ရေး မှူး ချုပ်၊ ရင်း နှီး မြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြား မှု ဦး စီး ဌာန။

၂၄။ ဥက္ကဋ္ဌ၊ အဏ္ဏဝါဒေဝီပင်လယ်ငါး ဖမ်း ကုန်ထုတ်နှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်း လီမိတက်။

အမိန့်အရ —

(မောင်မောင်ရီ)
တွဲဖက်အတွင်း ရေး မှူး ။

*လ၂၀/၁၀/၉၆။

ပုံစံ(မနသ-၂) ၁၁၁၅

ရက် ၂၉.၁၀.၉၆

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်

ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ် မနသ - ၀၄၄/ ၉၆ ၁၉၉၆ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၀ အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်။

(က) ရင်းနှီးမြှုပ်နှံသူ၏အမည် ဒေါ်တိုး နန္ဒာတင်

(ခ) အဘအမည် ဦး အောင်တင်

(ဂ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ် အေ/အိဂရိအင် - ၀၀၇၄၀၆

(ဃ) နေရပ်လိပ်စာ အမှတ် ၅၃၄၊ မဟာဦး လမ်း ၊ အနောက်ကြို့ကုန်း ၊ အင်း စိန်မြို့နယ်

(င) ဖွဲ့စည်းထားသည့် သို့မဟုတ် ဖွဲ့စည်းမည့် အဖွဲ့အစည်း အကြာဂါ ဒေတီပင်လယ်ငါး ဖမ်း ကုန်ထုတ် နှင့်အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက် ရေထွက်ပစ္စည်းလက်ခံစားစနစ် (Contract Processing) ဖြင့်ဆောင်ရွက်ခြင်းနှ

(စ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းအမျိုးအစား ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု လုပ်ငန်း (ငါး အအေး ခန်း နှင့် ရေခဲစက်ရုံလုပ်ငန်း)

(ဆ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် အရပ်ဒေသ(များ) မြေကွက်အမှတ် ၁၃၆ (အေ) ၊ မြေတိုင်းအမှတ် ၆ (အီး) ၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်း

(ဇ) မတည်ငွေရင်းပမာဏ(ကျပ်) ၇၇.၆၆ သန်း (ကျပ်ခုနှစ်ဆယ့်ခုနစ်သန်းနှင့် ခြောက်သိန်း ခြောက်သောင်း)

ရင်းနှီးမြှုပ်နှံမှုပြု ပြုမည့်လုပ်ငန်းအမျိုး အစားထပ်မံဖြည့် စွက်ခွင့်အား ကော်မရှင်၏(၁၇/၂၀၀၂) (၂၇.၆.၂၀၀၂) နေ့အစည်းအဝေး ဆုံး ဖြတ်ချက်အရပြင်ဆင်သည်။

(ကိုယ်စား) ဥက္ကဋ္ဌ

(သုဂဦးသောင်းလွင်၊ တွဲဖက်အတွင်းရေးမှူး)

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

လျှို့ဝှက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ဖက်(စ)-၉၅-၆၇-၄၀၆၁၀၆၁ တယ်လီဖုန်း-၀၆၇-၄၀၆၁၃၉၊ ၄၀၆၁၀၆၁။

စာအမှတ်၊ ရက-၆ (က)/ မ- ၀၅၉ / ၂၀၁၂(၉၃၅၉-၉)

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင် လ ၂၅ ရက်

အကြောင်းအရာ။ Anawa Dewi Fishing And General Trading Co –Operative Ltd. မှ MIC ခွင့်ပြုမိန့်တွင် ရေထွက်ပစ္စည်း လက်ခစား စနစ် (Contract Processing) ဖြည့်စွက် ထည့်သွင်းခွင့် ပြုပေးရန် တင်ပြလာခြင်း ကိစ္စ

ရည် ညွှန်း ချက် ။ Anawa Dewi Fishing And General Trading Co –Operative Ltd. ၏ (၁၁-၇-၂၀၁၂) ရက်စွဲပါစာ

၁။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၂၇-၆-၂၀၁၂) နေ့တွင် ကျင်းပသည့် (၁၈/၂၀၁၂) အစည်းအဝေး ဆုံးဖြတ်ချက်အရ Anawa Dewi Fishing And General Trading Co–Operative Ltd. ၏ ကော်မရှင် ခွင့်ပြုမိန့်တွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သည့် လုပ်ငန်း အမျိုးအစားအား မူလ "ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်း (ငါးအအေးခန်း နှင့် ရေခဲစက်ရုံလုပ်ငန်း)" မှ "ရေထွက်ပစ္စည်း လက်ခစားစနစ် (Contract Processing) ဖြင့် ဆောင်ရွက်ခြင်းနှင့် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှု လုပ်ငန်း (ငါးအအေးခန်း နှင့် ရေခဲစက်ရုံလုပ်ငန်း)" ဟု ပြင်ဆင် ဖြည့်စွက်ခွင့် ပြုလိုက်သည်။

၂။ အထက်ပါ အစည်းအဝေး ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် မှ ထုတ်ပေးခဲ့သော (၂၉-၁၀-၁၉၉၆) ရက်စွဲပါ ခွင့်ပြုမိန့်အမှတ်၊ မနသ-၀၄၄/၁၉၉၆တွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းအမျိုးအစားတွင် ရေထွက်ပစ္စည်းလက်ခစားစနစ် (Contract Processing) ဖြင့် ဆောင်ရွက်ခြင်းနှင့် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုလုပ်ငန်း (ငါးအအေးခန်း နှင့် ရေခဲစက်ရုံလုပ်ငန်း) ဟု ပြင်ဆင် ဖြည့်စွက်လိုက်သည်။

၃။ Anawa Dewi Fishing And General Trading Co –Operative Ltd. ၏ ခွင့်ပြုမိန့်တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် မှ ထုတ်ပြန်ထားသည့် (၂၉-၁၀-၁၉၉၆) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၊ ၃၆/၁၉၉၆(မနသ)၏ အပိုဒ်(၁)တွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သည့် လုပ်ငန်အမျိုးအစားအား မူလ "ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုလုပ်ငန်း (ငါးအအေးခန်း နှင့် ရေခဲစက်ရုံလုပ်ငန်း)" မှ "ရေထွက်ပစ္စည်း လက်ခစားစနစ် (Contract Processing) ဖြင့် ဆောင်ရွက်ခြင်း နှင့် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှု လုပ်ငန်း (ငါးအအေးခန်း နှင့် ရေခဲစက်ရုံလုပ်ငန်း)" ဟူသော စကားရပ်ဖြင့် အစားထိုး ပြင်ဆင်သတ်မှတ်လိုက်သည်။

၄။ Anawa Dewi Fishing And General Trading Co –Operative Ltd. အနေဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် မှ ထုတ်ပြန်ထားသည့် (၂၉-၁၀-၁၉၉၆) ရက်စွဲပါ အမိန့် ကြော်ငြာစာ အမှတ်၊ ၃၆/၁၉၉၆ (မနသ)ပါ စည်းမျဉ်း စည်းကမ်းများ အတိုင်း လိုက်နာ ဆောင်ရွက်ရမည်။

ဥက္ကဋ္ဌ (ကိုယ်စား)
(သူရဦးသောင်းလွင်၊တွဲဖက်အတွင်းရေးမှူး)

ဖြန့်ဝေခြင်း-

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထဲရေးဝန်ကြီးဌာန

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

စက်မှုဝန်ကြီးဌာန

ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန

အလုပ်သမား ဝန်ကြီးဌာန

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

အမှတ်(၂) လျှပ်စစ် စွမ်းအား ဝန်ကြီးဌာန

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

ဥက္ကဋ္ဌ ၊ CMP လုပ်ငန်းများ ကြီးကြပ်ရေး ကော်မတီ (အလုပ်သမားဝန်ကြီးဌာန)

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်

တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး

ညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်း ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန် ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များ ဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့အာမခံ လုပ်ငန်း

လျှို့ဝှက်

ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ လျှပ်စစ်ဓါတ်အား လုပ်ငန်း

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန

ဥက္ကဋ္ဌ၊ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်

အုပ်ချုပ်မှုဒါရိုက်တာ၊Anawa Dewi Fishing And General Trading Co –Operative Ltd.

လျို့ဝှက်